BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာ လစဉ် သတင်းအနှစ်ချုပ်

ရက်စွဲ။ ။၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်

# August 2022

## နိဒါန်း

နိုင်ငံတဝန်း စစ်ကောင်စီတပ်ဖွဲ့များအား ခုခံတော်လှန်သည့် စစ်ပွဲများတွင် စစ်ကောင်စီဘက်မှ သာလွန်အင်အားများ အသုံးပြုခဲ့သော်လည်း အကျအဆုံးများနေဆဲဖြစ်သည်။ မြန်မာတနိုင်ငံလုံးအား ရှေ့တန်း စစ်မြေပြင်သဖွယ်ဖြစ်အောင် စစ်တပ်မှ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များအား မီးရှို့ဖျက်ဆီးကာ မြေအောက်တော်လှန်ရေးသမားများအဖြစ်သို့ တွန်းပို့နေသည်။ စစ်အုပ်စုသည် တိုင်းပြည် အဖက်ဖက်မှ ချွတ်ခြုံကျလာသော်လည်း ရပ်တန့်သွားမည့် အလားအလာ စိုးစဉ်းမျှ မရှိသည်ကို တွေ့ရှိရသည်။ တချိန်တည်းတွင် တော်လှန်ရေး ခုခံဆင်နွှဲနေသည့် အရပ်ဘက် လက်နက်ကိုင်တပ်ဖွဲ့များအား ဆွေးနွေးရန် ဖိတ်ခေါ်နေပြီး အခြားတဖက်တွင် လက်နက်အင်အား အလုံးအရင်းဖြင့် အရပ်သားပြည်သူနှင့် စစ်ရှောင်ဒေသများကို ပစ်ခတ်မှုများ လုပ်ဆောင်နေသည်။ ၎င်းတို့အား ထောက်ခံမှု မရှိသည့် မည်သည့်အရပ်သား အသက်အရွယ်မရွေး ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နေအိမ်များကို မီးရှို့ခြင်းတို့ ဖြင့် ထိန်းချုပ်ရန် ကြိုးစားလျှက်ရှိသည်။ သို့သော်လည်း အမျိုးသမီးများအပါအဝင် ပြည်သူများသည် စစ်အာဏာရှင်ကို အမြစ်ပြုတ်တိုက် ထုတ်၍ လုံခြုံအေးချမ်း၍ အာမခံချက်ရှိသည့် လူ့အသိုင်းအဝိုင်းတခု ရရှိရန် ဦးတည်တိုက်ပွဲဝင်နေသည်။

ယခု အမျိုးသမီးများဆိုင်ရာ သတင်းအနှစ်ချုပ်သည် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ဩဂုတ်လအတွင်း ခိုင်လုံသော သတင်းမီဒီယာများမှ စုဆောင်းရရှိထားသော သတင်းအချက်အလက်များအပေါ်တွင်သာ အခြေခံ၍

ပြင်ဆင်ထားခြင်း ဖြစ်သည်။ BWU မှ ကောက်ယူထားသော အချက်အလက်များနှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းပြုစုထားချက်များအရ ဩဂုတ်လအတွင်း သေဆုံးသူ အမျိုးသမီး စုစုပေါင်း (၄၃) ဦး ရှိပြီး (၆၉) ဦး ဖမ်းဆီးခံခဲ့ရသည်။

## အမျိုးသမီး နိုင်ငံရေးလှုပ်ရှားမှုများ

ပြည်တွင်း၊ ပြည်ပရှိ အလွှာပေါင်းစုံမှ အမျိုးသမီးများသည် ငြိမ်းချမ်းစွာ ပျောက်ကျားသပိတ်များဖြင့် ဆန္ဒဖော်ထုတ်ခြင်း၊ လက်နက်ကိုင်တော်လှန်လမ်းစဉ်တွင် ဝင်ရောက်ခြင်း၊ စစ်တပ်ထုတ်ကုန်များကို အသုံးမပြုခြင်းနှင့် ပြည်တွင်းခုခံတော်လှန်သူများအတွက် ရန်ပုံငွေရှာခြင်းများ စသဖြင့် နည်းလမ်းမျိုးစုံနှင့် နိုင်ရာကဏ္ဍများမှ ပါဝင်ကာ စစ်အာဏာရှင်အား ဆက်လက်တွန်းလှန်နေသည်။



*Photo 1: Women's March in Mongywa, Sagaing, photo from The Irrawaddy*

စစ်ကိုင်းတိုင်းနှင့် ရန်ကုန်မြို့တို့တွင် စစ်ကောင်စီဘက်မှ စောင့်ကြည့်မှုများနှင့် မတရားဖမ်းဆီး သတ်ဖြတ်ခြင်းများကြားမှပင် အမျိုးသမီးများသည် ပျောက်ကျားသပိတ်များကို ဦးဆောင်ပါဝင်နေဆဲ ဖြစ်သည်။ အမျိုးသမီးများသည် ဆန္ဒပြစဉ်တွင်း ကိုင်ဆောင်သည့် "သွေးမအေးတဲ့ရွှေနွယ်သွေး" ဟစ်ကြွေးသံကဲ့သို့ပင် ယနေ့တိုင်ထိ စစ်အာဏာရှင် ဆန့်ကျင်ရေးတွင် သွေးအေးသွားခြင်း မရှိသည်ကို တွေ့ရှိရသည်။

ဩဂုတ်လ (၂၅) ရက်နေ့တွင် ရိုဟင်ဂျာလူမျိုးအပေါ် စစ်အုပ်စုမှ လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန် သည့် (၅) နှစ်ပြည့်မြောက်ခဲ့ပြီး အမျိုးသမီးမဟာမိတ်အင်အားစု (WAB) မှ မတရားဖိနှိပ်ခံခဲ့ရသည့် လူနည်းစုတိုင်းရင်းသား အမျိုးသမီးများနှင့် ရိုဟင်ဂျာ အမျိုးသမီးများတို့၏ တရားမျှတမှု ရရှိရေးကို အတူတကွ ချီတက်တိုက်ပွဲဝင်နေကြောင်း ထုတ်ပြန်ခဲ့သည်။[1]

---

[1] Women Alliance Burma, 25th Aug 2022. https://www.facebook.com/WomenAllianceBurma2021/posts/pfbid031FRFVrEg5r65KUgEET8xHRngFDdnvPCzjE4N3DXq3ErgJ6Bn5zFabv4kW6QBogRbl

H&M ကုန်အမှတ်တံဆိပ်ဖြင့် ချုပ်လုပ်သည့် တရုတ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံတစ်ခုတွင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းမှ ၅/ နှင့် ၈/ မှတ်ပုံတင်များ ကိုင်ဆောင်ထားသူ အလုပ်သမား ၁၀၀ ကျော်ကို မတရားသဖြင့် ခြိမ်းခြောက် အလုပ်ဖြုတ်နေမှုများ ရှိခဲ့သည်။[2] ထိုသို့ မတရား ဖိနှိပ်မှုများကြောင့် အမျိုးသမီးထုမှ "ဘယ် (/) မျဉ်းစောင်းထိထိ ငါတို့နဲ့ငြိတာပဲ" ဆိုသည့် စာသားများ ကိုင်ဆောင်၍ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း သပိတ်ကော်မတီများမှ ဦးဆောင်၍ ချီတက်ဆန္ဒပြခဲ့သည်။[3]



Photo 2: women's march in Western Chin, photo from WAB

ပြည်တွင်း၌သာမက ပြည်ပရောက် အမျိုးသမီးများသည်လည်း စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေး လှုပ်ရှားမှုများအတွက် ရန်ပုံငွေရှာဖွေပေးလျှက်ရှိရာ နွေဦးတော်လှန်ရေးအတွက် အလှူငွေရရှိစေရန် အင်္ဂလန်ရောက် မြန်မာအမျိုးသမီး ၃ ဦးမှ Challenge ခေါ်၍ ခေါင်းတုံးရိတ်ရန်ပုံငွေရှာပွဲ ပြုလုပ်ခဲ့သည်။[4]



Photo 2: Women shaved hair to support Spring Revolution, photo from Khit Thit Media




Photo 1: Women shaved hair to support Spring Revolution, photo from Khit Thit Media

[2] DVB, 19th Aug 2022. http://burmese.dvb.no/archives/549838?fbclid=IwAR1OgAro5e5VZ82rU2JkX2oEueSJKA5TQZIxJQXZLCgMgalKZyHJs-Zff14
[3] Women Alliance Burma, 23rd Aug 2022. https://www.facebook.com/WomenAllianceBurma2021/posts/pfbid0Yu2Ncjcvz7SMpcDKo2j49qMtTfLXhTfyUCtHTEqJ9hZ66SamUCJsaNGTXeh2ApgTl
[4] Khit Thit Media, 7th Aug 2022. https://www.facebook.com/khitthitnews/posts/pfbid0sbujZUnW6Rt1b7kYgenq58bnZVS2irvXxqd3t78KmBJ8nHySK3UjNkXaggCA1JQPl

## အမျိုးသမီး ဖမ်းဆီးခံရမှုများ

စစ်ကောင်စီသည် အာဏာသိမ်းမှုအောင်မြင်ရေးအတွက် ၎င်းတို့အား ဆန့်ကျင်သည့် စာအရေးအသားပိုစ့် လူမှုကွန်ယက်တွင် တင်ရုံ (သို့) မျှဝေရုံဖြင့် မတရားပုဒ်မများတပ်ကာ ဖမ်းဆီးအရေးယူမှုများကို လုပ်ဆောင်လျက်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့တွင် လူမှုကွန်ယက်စာမျက်နှာတွင် အမျိုးသားညီညွတ်ရေးအစိုးရ နှင့် တော်လှန်ရေးရဲဘော်များအား အသိအမှတ်ပြု ထောက်ခံသည့် ပိုစ့်များ မျှဝေသည်ဟု စွပ်စွဲချက်ဖြင့် မယွန်းဝေထိုက်အပါအဝင် လူငယ် ၆ ဦးကို စစ်ကောင်စီမှ ဖမ်းဆီးခဲ့သည်။[5] ထို့အပြင် မန္တလေးတိုင်းမှ မလင်းခေတ်သည် လူမှုကွန်ယက်စာမျက်နှာတွင် စစ်အုပ်စုအား ဆန့်ကျင်သည့် အရေးအသားများ ရေးခြင်းကြောင့် ဖမ်းဆီးခံခဲ့ရသည်။[6]

စစ်ကောင်စီသည် ထိန်းချုပ်နိုင်ရေးနည်းစနစ်တခုဖြစ်သည့် ဧည့်စာရင်းစစ်၍ မတရားဖမ်းဆီးခြင်းများကို လုပ်ဆောင်နေပြီး ဩဂုတ်လ ၁၇ ရက်နေ့တွင် စစ်ကောင်စီမှ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်၊ အမှတ် ၃ ရပ်ကွက်တွင် ဧည့်စာရင်း ဝင်စစ်ခြင်းကြောင့် အမျိုးသမီး သုံးဦးအပါအဝင် လူငယ် ၆ ဦးဖမ်းဆီးခံခဲ့ရသည်။[7]

တဖက်တွင်လည်း ပြည်သူ့ကာကွယ်ရေးတပ်များနှင့် ပတ်သက်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသည့် အမျိုးသမီးများလည်း ရှိခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ အမျိုးသမီးတစ်ဦးဖြစ်သူ စံပယ်အောင်အောင်အား တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သည်ဟု ဆိုကာ ဖမ်းဆီးခဲ့ကြောင့် စစ်ကောင်စီမှ ထုတ်ပြန်ခဲ့သည်။[8]

## အမျိုးသမီး သေဆုံးမှုများ

---

[5] Sisters 2 Sisters, 10th Aug 2022. https://www.facebook.com/SpeakUp4MyanmarWomen/posts/pfbid09QBeCKYtPNwT4NmRscfUv3PE6Mxt1cGabbsSuVtALkxqXeYGUdkD5syHNTxWsEZ2l

[6] Chinwin News Agency, 26th Aug 2022. https://www.facebook.com/permalink.php?story_fbid=pfbid02cuCnzPHdGLbWY49irAopiRdVj639Lo6R61cu2nEgQnZdHEgi3oEq1FFTcdHy4TkCl&id=101557665614894

[7] RFA Burmese, 18th Aug 2022. https://www.facebook.com/rfaburmese/posts/pfbid02yjcR7VbGdveZ48AFJ3VLnAeW2mXS4924oPJzBWkKxC1jNk3DUacRJCiosANu7pSSl

[8] Chinwin News Agency, 15th Aug 2022. https://www.facebook.com/permalink.php?story_fbid=pfbid0F2qTxQrfaPsK36jY6EnygmGodBD3YV1TAPweUDMcUW82Ukjz49SJyK7gvUdww44zl&id=101557665614894

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း အမျိုးသမီး အများစု၏ အသက်ဆုံးရှုံးရသည့် အကြောင်းရင်းသည် တိုက်ပွဲကြား စစ်ကောင်စီဘက်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လက်နက်ကြီးကျည် ထိမှန်ခြင်း ဖြစ်သည်ကို မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုဆောင်းရယူသော အချက်အလက်များအရ တွေ့ရှိရသည်။ ကယား (ကရင်နီ) ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တွင် စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသန်း ပစ်ခတ်မှုကြောင့် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့ရသည်။[9] ထို့အပြင် ချင်းပြည်နယ်၊ ဟားခါးမြို့အနီး နီယာလောန်ကျေးရွာတွင် စစ်ကောင်စီတပ်ဘက်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၅၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။[10] ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့ မင်းကြီးရွာတွင်လည်း ဩဂုတ်လ ၂၇ ရက်နေ့တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည်။[11] ထို့အပြင် စစ်ကိုင်းတိုင်း ကလေးမြို့ တာဟန်းရပ်ကွက်တွင် ဩဂုတ်လ ၂၄ ရက်နေ့ ညနေပိုင်းက ဗုံးနှစ်လုံးပေါက်ကွဲခဲ့ပြီးနောက် စစ်ကောင်စီတပ်သားများမှ လာရောက်၍ သေနတ်ပစ်ခတ်ရာမှာ အခင်းဖြစ်နေရာအနီးတွင် သွားလာနေသည့် အမျိုးသမီးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။[12]



*Photo 3: စစ်ကောင်စီဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကျည် အပိုင်းအစ၊ photo from Karenni Human Rights Group*

စစ်ကောင်စီနှင့် အရပ်ဖက်ပြည်သူ့ကာကွယ်ရေးအဖွဲ့တို့ကြား ပစ်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရ၍ အသက်ဆုံးရှုံးရသည့် အမျိုးသမီးများလည်း ရှိခဲ့သည်။ စစ်ကိုင်းတံတားပေါ်တွင် စစ်ကောင်စီတပ်ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် မန္တလေး - စစ်ကိုင်း ဦးတည်ထွက်ခွာသည့် အာကာသ ခရီးသည်တင် ဘတ်စ်ကားတွင် ပါလာသည့် အမျိုးသမီး ၂ ဦး ထိခိုက် သေဆုံးခဲ့ရသည်။[13]

---

[9] Network Media Group, 2nd Aug 2022. https://www.facebook.com/permalink.php?story_fbid=pfbid02YyAbHtfjMc6E8oRFuad4W4UX5bAkb8EoM3zFdMsrFx64s6e4LJAMrnqaEjCQU1fnl&id=382181045736248
[10] BNI – Myanmar Peace Monitor, 11th Aug 2022. https://bit.ly/3wzw4AM
[11] RFA Burmese, 27th Aug 2022. https://www.facebook.com/rfaburmese/posts/pfbid02FVhmGTTfZYB6Pc6QJ9Es6hHKJXYCHpiNyv4aJMDEBubJHrEY1Zv5uvkHUzHqjksAl
[12] RFA Burmese, 26th Aug 2022. https://www.facebook.com/rfaburmese/posts/pfbid037ejV2vLQYHZttecPZoSEiVzRntVBaAUj9Z2SZc9HmEhQ4PfxatUuR9X2aWLDHUpwl
[13] RFA Burmese, 17th Aug 2022. https://news-eleven.com/article/235875?fbclid=IwAR3NOty84FBSOpqAKfwg2jr1uz_oGBJcLvIu61OrvFfHlpovG-Z5-7GYM3o

အတည်မပြုနိုင်သေးသည့် တပ်ဖွဲ့များမှ စစ်ကောင်စီတပ်ဖွဲ့များအား ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှုများတွင် အရပ်သား အမျိုးသမီးများ ထိခိုက်မှုနှင့် အသက်ဆုံးရှုံးရမှုများလည်း ရှိခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ယာဉ်ထိန်းရဲတစ်ဦး၊ ပြည်သူ့စစ်သုံးဦးနဲ့ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[14] သေဆုံးသူ အမျိုးသမီးသည် ထိုအနီးနား ဈေးဝယ်လာသည့် အရပ်သူ ဖြစ်သည်ဟုလည်း သိရှိရသည်။

နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် များပြားလာသည့် ခိုးဆိုးလုယက်မှုများကြောင့်လည်း အမျိုးသမီးများ အသက်ဆုံးရှုံး မှုများရှိသည်ကို တွေ့ရှိရသည်။ ဩဂုတ် ၁၈ ရက် နံနက်အစောပိုင်းတွင် မော်လ မြိုင်မြို့ ဖက်တန်းရပ်ကွက်၊ အောင်သုခရပ်၊ ဓါတ်ပေါင်းစေတီလမ်း၊ (၈) အိမ်စုတွင် အမျိုးသမီးတစ်ဦး ဓားထိုး ဒဏ်ရာများနှင့် သေဆုံး၍ ရွှေဆွဲကြိုးနှင့်လက်ကောက်တို့ လုယူခြင်း ခံခဲ့ရသည်။[15] ထို့နည်းတူ မောင်တောမြို့တွင် နေအိမ်တစ်လုံး ဖောက်ထွင်းခံရပြီး အိမ်ရှင်အမျိုးသမီးအား ထိုးသတ်မှုကြောင့် ဒဏ်ရာရ၍ ဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။[16] ထိုသို့ အကြမ်းဖက်လုယက်၍ သတ်ဖြတ်ခံရသည့် အမျိုးသမီးများအတွက် တရားမျှတမှု ရရှိနိုင်ရန်မှာ အလှမ်းဝေးလှသည်။ စစ်အာဏာသိမ်းမှုကြောင့် အဖက်ဖက်မှ ခြွတ်ခြုံကျ ပျက်စီးလာနေသည့် အခြေအနေများသည် အမျိုးသမီးများအတွက် အထူးစိုးရိမ်ရသည့် အခြေအနေများဖြစ်နေသည်။

ဩဂုတ်လအတွင်းတွင် အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှုတွင် ပါဝင်၍ Federal Education School Tamu (F.E.S.T) တွင် စေတနာ့ဝန်ထမ်းအဖြစ် စာသင်ကြားပေးနေသည့် စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်မှ CDM ကျောင်းဆရာမတဦး ဩဂုတ်လ ၂၆ ရက်နေ့တွင် ကြိုးဆွဲချအဆုံးစီရင်ခဲ့မှုလည်း ဖြစ်ပွားခဲ့သည်။[17] ထို့နည်းတူ ပဲခူးတိုင်း (အနောက် ခြမ်း)၊ ပြည်မြို့တွင်လည်း အသက် ၃ နှစ်အရွယ် သမီးနှင့် မိခင်သည် ဩဂုတ်လ ၂၈ ရက်နေ့တွင် နဝဒေးတံတားပေါ်မှ ဧရာဝတီမြစ်ထဲကိုခုန်ချမှု ဖြစ်ပွားခဲ့သည်။[18] နိုင်ငံရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးကြပ်တည်းမှုများကြောင့် ပြည်သူလူထုများသည် နေ့စဉ် စားဝတ်နေရေး ဖြေရှင်းရေးတွင်ပင် စိန်ခေါ်မှုနှင့် အခက်အခဲများစွာ ရင်ဆိုင်နေကြရသည်။

---

14 RFA Burmese, 1st Aug 2022. https://www.facebook.com/rfaburmese/posts/pfbid0mMsvzsUiPSZysJaD5JJP8XprmKme2S7BUSoU2c2FVTwfZheXHMdgK4JctsYmTDjCl

15 Eleven Media, 18th Aug 2022. https://news-eleven.com/article/235875?fbclid=IwAR3NOty84FBSOpqAKfwg2jr1uz_oGBJcLvIu61OrvFfHlpovG-Z5-7GYM3o

16 Border News Agency, 17th Aug 2022. https://bit.ly/3QYuzoa

17 မြေလတ်အသံ, 27th Aug 2022. https://www.facebook.com/myaelattathan/posts/pfbid02Zzup65EvehHzzEbsVeSU5EWRX1w9ei3LbxjpQoB8ZcM7aMFoTikspuvGZLG7iGR8l

18 Ayarwaddy Burmese, 28th Aug 2022. https://www.facebook.com/ayeyarwaddytimes/posts/pfbid02AdwcW3XL3jSU6eYfbsGpAnCjCQfmhXen3UPtbqPodUuBPqMS2ZY5cLtqrNAv5ag1l

## အမျိုးသမီးများ၏ အခက်အခဲ စိန်ခေါ်မှုများ

နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ကုန်ဈေးနှုန်း မြင့်တက်လာမှု၊ ငွေကြေး ဖောင်းပွလာမှုနှင့် အလုပ်အကိုင် ရှားပါးမှုတို့ကြားတွင် အမျိုးသမီးများသည် အခက်အခဲစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရသည်။ ကျန်းမာရေးကဏ္ဍတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကာကွယ်ဆေး ထိုးနှံခွင့် ဆုံးရှုံးနေကြရသည့်အပြင် မွေးကင်းစ ကလေးသူငယ်များသည်လည်း ကာကွယ်ဆေး ထိုးရန်အတွက် ကာကွယ် ဆေးအမျိုးအစားအပြည့်အစုံ ထိုးခွင့် မရခြင်းများ ရှိနေသည်။ နာမကျန်းဖြစ်သည့် အခြေအနေတွင် ခရီးသွားလာရာတွင် လုံခြုံမှုမရှိခြင်းနှင့် စစ်ကောင်စီ၏ တင်းကြပ်သည့် စစ်ဆေးမှုများသည် လူနာများအတွက် အချိန်မီ သွားလာနိုင်ရန် အဟန့်အတားဖြစ်နေသည်။

လူမှုရေးနှင့် ကယ်ဆယ်ရေး အရပ်ဖက် အဖွဲ့များသည်လည်း လှူဒါန်းမှု နည်းလာသည့်အတွက် ပရဟိ တလုပ်ငန်းများအား ရပ်နားလိုက်ရသည်။ စစ်တပ်အာဏာသိမ်းမှု တစ်နှစ်ခွဲကာလအတွင်း ဆက်လက်ရပ်တည်ရန် အခက်အခဲရှိလာခြင်းကြောင့် တနင်္သာရီတိုင်းအတွင်းတွင် အချို့သော လူမှုကယ်ဆယ်ရေးအသင်းများကို ယာယီ ရပ်နားလိုက်ရသည်ဟု သိရှိရသည်။[19] သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများမှာလည်း ယခင်ထက် ပိုမိုနည်းပါးလာပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများသည်လည်း လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။

ထို့အပြင် ကုန်ဈေးနှုန်း အဆမတန် မြင့်တက်နေမှုသည် အသေးစားလုပ်ငန်းရှင်များနှင့် တနိုင်တပိုင် ဈေးသည်များနှင့် လမ်းဘေးဈေးသည်များအား ထိခိုက်မှု အများဆုံးလည်း ဖြစ်နေသည်။ တနိုင်တပိုင် ဈေးရောင်းနေသည့် အမျိုးသမီး ဈေးသည်များသည်လည်း ပစ္စည်း ဝယ်ယူမှုတွင် ယခင်ထက် နှစ်ဆပို၍ ဈေးပေးနေရသည်။ အချို့ဈေးသည်များသည် ဆိုင်ပိတ်သိမ်းလိုက်ရသည့် အခြေအနေများလည်း ရှိနေသည်။

စစ်ပွဲဖြစ်နေမှုများကို အကြောင်းပြ၍ စစ်ကောင်စီသည် လမ်းပန်းဆက်သွယ်ရေးကို တင်းကြပ် ကန့်သတ်သည့်အပြင် စားသောက်ကုန် ဝယ်ယူသယ်ဆောင်ခြင်းများကိုပင် ကန့်သတ်မှုများ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။ ရက္ခိုင့်တပ်တော် (AA) နှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများ တဖန်ပြန်ဖြစ်လာခြင်းကြောင့် စစ်ကောင်စီမှ ချင်းပြည်နယ် ပလက်ဝမြို့ ကုလားတန်မြစ်ကြောင်းသွားလာမှုကို ဩဂုတ်လ ၁ ရက်နေ့မှစ၍ တင်းကျပ် ကန့်သတ်

---

[19] BNI-Myanmar Peace Monitor, 15th Aug 2022. https://bit.ly/3TnFjy4

ခံထားသည့်အတွက် ဒေသခံများ အခက်အခဲနှင့် ကြုံတွေ့နေကြရသည်။ ထိုသို့ အခက်အခဲရင်ဆိုင်နေရမှုကို မြို့ခံတစ်ဦးမှ RFA သတင်းဌာနတွင် အောက်ပါအတိုင်း ဖလှယ်ခဲ့သည်။[20]

*"ပလက်ဝမြို့မှာ ဓာတ်ဆီဝယ်ဖို့တောင် မရှိတော့ဘူး။ ဆန်လည်းမရှိ ဒီပလက်ဝမြို့နယ်က စိုက်ထားတဲ့ တောင်ယာစပါးရှိတဲ့သူတွေက စပါးကို ကြိတ်ပြီးတော့ အိတ်အသေးလေးတစ်အိတ်ကို ၄၀,၀၀၀ နဲ့ ရောင်းကြတယ်။ ပြည်မကပို့လာတဲ့ ဆန်တွေကို တစ်အိတ် တစ်သိန်းနဲ့ ဝယ်ဖို့တောင် ဆန်ကမရှိဘူး"*

တဖက်တွင်လည်း အလုပ်အကိုင် ရှားပါးလာသည့်အတွက် အမျိုးသမီးငယ်များသည် လိင်ဖျော်ဖြေရေးမှ ဝင်ငွေရှာသည့် လုပ်ငန်းများတွင် ပိုမို ဝင်ရောက်လာသည်ကိုလည်း တွေ့ရှိရသည်။ Telegram Channel တွင် ငွေကျပ် ၅ ထောင်မှ စ၍ ငွေတောင်းကာ လိင်ဖျော်ဖြေမှုများဖြင့် ဝင်ငွေ ရှာကြသည့် မြန်မာအမျိုးသမီးငယ်များ များပြားလာသည်ကို တွေ့ရှိရသည်။

ထို့အပြင် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူချက်အရ စစ်ကိုင်း၊ မကွေး၊ ရောဝတီ၊ ပဲခူးတို့တွင် လောင်းကစားဝိုင်းများ ပိုမိုများပြားလာနေသည်။ လောင်းကစားဝိုင်းများမှ တဆင့် ဝင်ငွေရှာသည့် နည်းလမ်းများလည်း နိုင်ငံတဝန်း နေရာအနှံ့တွေ့ ရှိရပြီး ထိရောက်သည့် အရေးယူမှုများ မတွေ့ရပေ။ လောင်းကစားဝိုင်းများ၏ နောက်ဆက်တွဲပြဿနာများဖြစ်သည့် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို အမျိုးသမီးများ ခံစားနေကြရသည်။

## စစ်ရှောင်များ အခြေအနေ

စစ်ကောင်စီအား ခုခံတိုက်ခိုက်သည့် တိုက်ပွဲများနှင့် မြေအောက် လှုပ်ရှားမှုများသည် ပြည်နယ်များတွင် သာမက မြို့ပေါ်များတွင်လည်း ပိုမို ပြင်းထန်လာသည်။ စစ်ကောင်စီဘက်မှ လက်နက်အင်အား အဆမတန် အသုံးပြုသည့်အပြင် စစ်ရှောင်များနှင့် အရပ်သားများရှိရာ ဒေသများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်

[20] RFA Burmese, 11th Aug 2022.
https://www.facebook.com/rfaburmese/posts/pfbid0SviDuWz1otZycT3kN4JUA6e7sW4Q6nBcDozUfUJGvwaJh7voMLgfpahjHUUch7LQl

နေသည်။ ထို့အပြင် စစ်ကောင်စီတပ်များမှ ကျေးရွာများအား မီးရှို့ ဖျက်ဆီးမှုများကိုလည်း ကျူးလွန်နေသည်။ ထို့ကြောင့် စစ်ရှောင်များသည် ထပ်ဆင့် စစ်ရှောင်နေရပြီး စားနပ်ရိက္ခာ အခက်အခဲ များနှင့် ကြုံနေကြရသည်။



*Photo 4: KNUနယ်မြေသို့ ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ရှောင်များ၊ photo from Burma Human Rights Network*

ကယား (ကရင်နီ) ပြည်နယ်မှ စစ်ဘေးဒုက္ခသည်စခန်းအများစုတွင် ဇွန်လဆန်းမှ စ၍ ဆေးဝါးနှင့်အစားအသောက် မလုံလောက်မှုပြဿနာကို ရင်ဆိုင်နေကြရသည်။ ထိုဒေသရှိ စစ်ရှောင်များအား ဆေးကုသမှု ပေးနေသည့် သူနာပြုတစ်ဦးမှ

“ကျနော်တို့ စကြုံတွေ့နေရတဲ့ ပြဿနာကတော့ ဆေးတွေက ပြတ်လပ်နေပြီ။ ကျနော်တို့ကွင်းဆင်းတဲ့ မြေပြင်တစ်ဖက်မှာကျတော့ တုပ်ကွေးပေါ့၊ အဲဒါတွေအဖြစ်များနေတယ်။ ပြီးရင် အထက်လန် အောက်လျှောပေါ့။ အထက်လန် အောက်လျှောကိုမှ အခုက အသွင်တစ်မျိုး ပြောင်းလာတာပေါ့။” ဟု RFA တွင် ဖလှယ်ခဲ့သည်။[21]
စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အင်းတန်ရွာသို့ စစ်ကောင်စီဘက်မှ စစ်ကြောင်းထိုးလာသဖြင့် ရွာသားများ ထွက်

---

[21] RFA Burmese, 5th Aug 2022. https://www.facebook.com/watch/?ref=saved&v=492813512566602

ပြေးကြရာတွင် ကျန်းမာရေးမကောင်းသည့် အသက် ၅၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ဆေးကုသခွင့်မရသဖြင့် သေဆုံးခဲ့ရသည်။[22]

ထို့နည်းတူ ရက္ခိုင့်တပ်တော် အေအေ နှင့် စစ်ကောင်စီတပ်တို့အကြား တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည် ပြင်းထန်လာခဲ့သည့်နောက်ပိုင်းတွင် အငူမော်-မောင်တောကားလမ်းမအတွင်း ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း လမ်းမတလျှောက် အသွားအလာများကို စစ်ကောင်စီဘက်မှ ပိတ်ဆို့ထားသည့်အတွက် မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် စာနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်ဟုလည်း သိရှိရသည်။[23]

တနင်္သာရီတိုင်း ရေဖြူမြို့နယ် လူဦးရေ ၇၀၀ ခန့် ရှိသည့် ကလုံးထာရွာတွင် စစ်ကောင်စီဘက်မှ စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် ရွာသားများသည် နီးစပ်ရာ ရွာများ၊ ဘုန်းကြီးကျောင်းနှင့် တောထဲသို့ ထွက်ပြေးတိမ်းရှောင်လာသည်မှာ တပတ်ကျော် ကြာလာပြီဖြစ်သည့်အတွက် တောထဲထွက်ပြေး တိမ်းရှောင်ရသည့် စစ်ရှောင်များတွင် ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရသည်။[24]

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP မှ စားနပ်ရိက္ခာထောက်ပံ့မှုများ ရပ်လိုက်သည့်အတွက် ရှမ်းမြောက်၊ ကွတ်ခိုင်မြို့နယ်၊ မုံးစီးဒေသမှ စစ်ဘေးရှောင် ၂၅၀ ကျော် အခက်အခဲများနှင့် ရင်ဆိုင်ရနေရကြောင်း သိရှိရသည်။[25] ဆန်ပြတ်တောက်လာသည့်အတွက် ကျန်နေသေးသည့် ဆန်ကို သစ်ဥသစ်ဖုများ၊ အသီးအနှံများနှင့်ရောပြီး ပြုတ်စားနေကြသလို၊ အချို့မိသားစုများက ယခင်က တရက်ကို ထမင်းသုံးနပ်စားပါက ယခုလက်ရှိတွင် နှစ်ကြိမ်ပဲ စားကြတာမျိုးနှင့် အိမ်တွင်ရှိနေသည့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို ပိုဦးစားပေးပြီး ကျွေးတာမျိုးဖြင့် စားနပ်ရိက္ခာအခက်အခဲကို ဖြေရှင်းနေရသည်ဟု စစ်ရှောင်များက ပြောသည်။

ထို့အပြင် တရုတ်နိုင်ငံဘက် နယ်စပ်ခြိစည်းရိုးများ ကာ၍ နယ်စပ်ကုန်သွယ်ရေးဂိတ်များကိုလည်း ပိတ်ထားသဖြင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဌာနချုပ် လိုင်ဇာမြို့အနီးရှိ စစ်ဘေးဒုက္ခသည် စခန်းများမှ မသန်စွမ်း စစ်ဘေးဒုက္ခသည်များသည် အလုပ်အကိုင်ရှားပါးလာသည့်အတွက် စားဝတ်နေရေးဖြေ ရှင်းရာတွင် ယခင်အာဏာသိမ်းမှု မတိုင်မီထက် နှစ်ဆပို၍ ခက်ခဲကြောင်း သိရှိရသည်။[26]

---

[22] Burma, VJ, 5th Aug 2022. https://www.facebook.com/bvjmedia/posts/pfbid0226mvA7uPpoeEMr4DqUEL5v1tG7mFseF967w1oaCfsgsvq81GZWgkEspQECnjvi2Hl

[23] BBC Burmese, 20th Aug 2022. https://www.bbc.com/burmese/articles/c9x361kpgrwo?fbclid=IwAR26fRAqt_vclYGRAxPyXhyxO45pbCQz1B2MI6Jc4B-OkPiuYFdstuJXkK8

[24] BHRN, 21st Aug 2022. https://www.facebook.com/BHRNUK/posts/pfbid01APpnKqfNFzSKVj5qu8S7AcNghyPUTZ8H7kW7RHcboAsrgcLonLwMicUrrS7ymUSl

[25] BNI-Myanmar Peace Monitor, 12th Aug 2022. https://bit.ly/3Tq8LTM

[26] RFA Burmese, 18th Aug 2022. https://www.facebook.com/rfaburmese/posts/pfbid025QSgmiMjYvKxtci3Q6atfmgEwt518MiPdNRMKaPHFCW2gp6sv2MYWjbTQ8Ejtxm3l

## နိဂုံး

စစ်ကောင်စီသည် ၎င်းတို့အား ဆန့်ကျင်သူမှန်သမျှ ပုဒ်မမျိုးစုံတပ်၍ ဖမ်းဆီးခြင်းနှင့် လူမှုကွန်ယက်စာမျက်နှာတွင် ၎င်းတို့အား ဆန့်ကျင်သော စာအရေးအသားများ ရေးရုံမျှဖြင့်လည်း ထောင်ဒဏ် နှစ်နှင့်ချီ ကျခံနေရသည့် ဖိနှိပ်မှုများဖြင့် ထိန်းချုပ်ရန် ကြိုး စားနေသည်။ လက်နက်ကိုင် တော်လှန်ရေး အင်အားကောင်းသည့် ဒေသများတွင် လက်နက်အင်အား အလွန်အကျွံသုံး၍ အရပ်သားနှင့် စစ်ရှောင်များရှိရာ နေရာများကိုပင် ပစ်ခတ်မှုများ ပြုလုပ်နေသည်။ ထိုသို့ ပစ်ခတ်မှုများသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ ထိခိုက်သေဆုံးမှု အများအပြားဖြစ်စေသည့် အကြောင်းအရင်းတရပ်ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးတို့၏ တော်လှန်ရေး အဓိဋ္ဌာန် ခိုင်မာပုံသည် ယနေ့တိုင် ၎င်းတို့ လှုပ်ရှားမှုများသည် သက်သေဖြစ်နေသည်။

နေ့စဉ် ပြင်းထန်လာသည့် တိုက်ပွဲများကြားတွင် အမျိုးသမီးများ၏ ဘဝလုံခြုံမှုများကို ကင်းမဲ့စေသည်။ ထို့အပြင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် တရားဥပဒေ စိုးမိုးမှု မရှိခြင်းသည် အမျိုးသမီးများအပေါ် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အမြတ်ထုတ်လိုသူများအတွက် တွန်းအားနှင့် အခွင့်အလမ်းများ ဖန်တီးပေးရာ ရောက်နေသဖြင့် အမျိုးသမီးများအတွက် အသက်အန္တရာယ်အပါအဝင် ဘဝလုံခြုံမှုများ လုံးဝ ပျောက်ဆုံးနေသည်။ ထိခိုက်နစ်နာမှုများနှင့် သေဆုံးမှုများဖြစ်လာပါက တရားမျှတရေးရရှိရန် အမှုတိုင်ကြားရေး ယန္တရားပင် ပျောက်ဆုံးနေသည်။

တဖက်တွင်လည်း ကုန်ဈေးနှုန်း မြင့်တက်လာမှုနှင့် အလုပ်အကိုင် ရှားပါးလာခြင်းကြောင့် စားဝတ်နေရေး ဖြေရှင်းရန်အတွက် အမျိုးသမီးများအား လိင်ဖျော်ဖြေရေး လုပ်ငန်းသို့ တွန်းပို့လျက်ရှိသည်။ တနေ့ထက်တနေ့ ပိုမိုများပြားလာသော လောင်းကစား ဝိုင်းများသည် အိမ်တွင်းအကြမ်းဖက်မှုများဆီသို့ တွန်းပို့နေသည်။ ပျက်သုဉ်းနေသော တရားဥပဒေစိုးမိုးရေးတွင် အိမ်တွင်းအကြမ်းဖက်ဖြစ်ပေါ်လာပါ မိမိအိမ်သားများနှင့်သာ ဖြေရှင်းနေရသည့်အတွက် အမျိုးသမီးများအတွက် အဟန့်အတား စိန်ခေါ်မှု ဖြစ်နေသည်။